************************************************************

## NCGUB: News on Migrants & Refugees-25 November, 2009(English & Burmese)

************************************************************

## HEADLINES

************************************************************

**NEWS ON MIGRANTS**

**Fish box factory raided by Immigration**
**Thai officials rescue Burmese workers**

**NEWS ON REFUGEES**

**Japan calls for Burma refugee support**
**Karen Refugee Tells of Life in Australia**
**Swiss Film to Show Life in Refugee Camp**

************************************************************

## ရွှေ့ပြောင်းအလုပ်သမားများသတင်း

မြန်မာ အလုပ်သမားများ အတွက် တရားဝင် စာသင်ကျောင်းများ ဖွင့်ခွင့်ပြုမည်
မြန်မာလူမျိုးများနှင့်ရင်းနှီးကျွမ်းဝင်မှုမရှိသောနိုင်ငံများ မှ အလုပ် ခေါ်စာများ ရှိလာပါက သတိပြုသင့်

## ဒုက္ခသည်များသတင်း

မယ်လဒုက္ခသည်စခန်းသို့ အလှူရှင်များ သွားရောက်လေ့လာ
အီးယူကော်မရှင်အဖွဲ့ နယ်စပ်ဒုက္ခသည် အခြေအနေ လာရောက်ကြည့်ရှု
တိုက်ပွဲများ ခေတ္တရပ်ထားသော်လည်း အိုင်ဒီပီဘဝ မလုံခြုံသေး
မလေးရှားနိုင်ငံ ဒုက္ခသည်ကလေးများ ပန်းချီပြိုင်ပွဲတွင် ဖိုမီးကျောင်းသားငယ်က ပထမဆုရရှိ

************************************************************

## NEWS ON MIGRANTS

************************************************************

### Fish box factory raided by Immigration

**Tuesday, 24 November 2009 15:10**

Several Burmese migrant workers, including two children aged about 10 years, were arrested and sent to the IDC main prison by Immigration officials this morning, following an earlier raid at the Fish Box Factory. The factory is located near Banbaw Railway Station, on the Phalansoung main road, Bangkok, Thailand.

At 6 am, thirty officers from the combined forces of Thai immigration and police, arrived at the factory compound and checked work IDs of the all the workers in the rooms. At first, all workers from A. B. and C buildings were arrested and loaded onto trucks. Most were later released when authorities from the factory arrived and showed relevant working permit documents.

Two 10 Year old children and three workers were arrested. Although they had work permits, these were issued to work in a different province and so all were taken to the IDC Main prison.

The father of one of the arrested children, Kyaw Soe Min, said; "My wife and I have a work ID. He was sleeping, he tried to run when the police came but they had already circled our building". The mother added that the child had only been in Thailand for two months.

Ko Ashaygyi (who has lived near the factory for almost ten years) said; "Before the factory had a good relationship with local authorities, but this year they may have stopped paying under the table for work IDs for new arrivals. That is why I think they might have raided the factory, but I'm not sure".

Maung Zaw Linn, a 12 year old child from Kawkarieak, Karen State, originally staying and learning at one of the monasteries in Bangkok, was arrested when he came home to rest with his mother because he felt sick.

Ko Nyi Nyi, elder brother of Maung Zaw Linn said; "Because my younger brother was arrested, I went to the IDC main prison. The officer said to me that 'very hard talking Burmese, Cambodian and Lao apply for passports but nothing happens. If these Burmese don't get passports by the end of this year, we will be arresting more.' "Ko Nyi Nyi added "It seems to me that they are pressuring us to get passports."

Both the Thai and Burmese Governments implemented passport processing, but they do not go through smoothly or successfully. The legal term for Burmese migrant workers to stay and work in Thailand will end next February 28th.

http://www.ghre.org/en/index.php?option=com_content&view=article&id=293:fish-box-factory-raided-by-immigration&catid=1:latest-news&Itemid=70

************************************************************

## Thai officials rescue Burmese workers
**by Usa Pichai Tuesday, 24 November 2009 19:38**

Chiang Mai (Mizzima) – Fifty four Burmese workers believed to be victims of human traffickers were rescued after Thai officials raided a frozen seafood factory in Trang Province, southern Thailand.

On Monday, Thai officials from Bangkok and Trang province, led by Pol Lt Col Taweep Changtor, from Thai Immigration Police Office, raided a factory of the J.D.P Co. Ltd. a big dried fish producer and ice distributer in Kantang district of Trang Province.

The raid followed information that Burmese workers were detained and face threats in the factory and were believed to have been trafficked. The police found 32 Burmese workers in a house in the factory compound. Another 24 were found in boats anchored near the area. Some of the workers had work documents while most did not.

"Immigration police were tipped off by Burmese workers who fled from the factory. They said that there were workers, who were being forced to work and some are beaten up by the head worker of the factory. The workers are taken to work by a fishery boat captain who acted as an agent searching for migrant workers. Some of them want to return to their country but are forced to work and are detained," Pol Lt Col Taweep was quoted in a report in the Thai newspaper Manager.

The police said that the owner of the factory denied the accusation and claimed that the workers had work documents in keeping with the law. Some of them who did not have documents are fishermen, who worked for others boats and had no links with the factory.

The officials found out that the factory applied to the Ministry of Labour to hire more than 600 migrant workers.

However, the officials are investigating and following leads on agents, who might be human traffickers.

According to a recent report by The Mirror Foundation, a non-governmental organization working on the human trafficking issue in Thailand there are four provinces in southern Thailand which are blacklisted. They are Songkhla, Chon Buri, Samut Prakarn and Samut Sakorn all located on the seashore. It was felt that more provinces have the same problem. There are several trafficking networks that are active in the area because of the high demand for workers in the fishery industry.

Earlier, Issara Somchai, Minister of Social Development and Human Security said that Thailand has the biggest number of fishing boats in the lower part of Asia and many are using illegal labourers from Burma and Cambodia to work on the vessels.

http://www.mizzima.com/news/regional/3080-thai-officials-rescue-burmese-workers-.html

*****************************************************************

## NEWS ON REFUGEES

*****************************************************************

### Japan calls for Burma refugee support
**Nov 24, 2009 (DVB)**

The Japanese prime minister has called on the United Nations refugee agency to assist in the resettlement to Japan of Burmese refugees currently in camps along the Thai-Burma border.

Some 130,000 Burmese nationals, the majority of whom have fled fighting in the country's eastern Karen state, currently live in nine major camps on the Thai side of the border.

Japan has said it requires assistance from the UN High Commissioner for Refugees (UNHCR) to resettle 30 Burmese refugees each year over the next three years, starting from fiscal year 2010.

Around 17,000 Burmese refugees living in camps in Thailand are resettled each year to third countries, mainly the United States. Between 5,000 and 8,000 new refugees arrive in the camps each year.

Japan, which has been criticized in the past by rights groups for its apparent pandering to the military regime in Burma, has become the first Asian country to accept Burmese refugees.

In a letter sent to the Japanese government last month, however, eight human rights groups criticized Tokyo for failing to adequately protect Burmese Rohingya refugees seeking asylum in the country.

Kanae Doi, the Tokyo director at Human Rights Watch, one of the signatories to the letter, said today that the latest announcement was a “welcome move” by the government, but urged it to do more.

“The resettlement is restricted to only 30 refugees every year, and that number is too small, so we want Japan, in cooperation with UNHCR, to enlarge the project,” she said.

“We also want Japan to really press the Burmese government to stop the persecution of all Burmese, including the Rohingya group.”

She added that it was “a gesture” by the new Democratic Party of Japan, which needed to “take more steps” to protect Burmese refugees.

Thailand recently voiced concern about a possible wave of refugees crossing its border in the run-up to elections in Burma next year.

Aid groups working on the border have also warned about the potential for outbreaks in conflict as the Burmese government attempts to transform armed ethnic groups into border guard forces prior to elections.

It was this that resulted in heavy fighting earlier this year between Burmese troops and an ethnic Kokang group in Burma’s northeastern Shan state. Around 37,000 refugees fled across the border to China.

http://english.dvb.no/news.php?id=3083

************************************************************

**Karen Refugee Tells of Life in Australia**
**By SHAH PAUNG Tuesday, November 24, 2009**

MELBOURNE, Australia—A 32-year-old Karen refugee who was born in Burma's "Killing Fields" and who spent 23 years in refugee camps was given a chance at a new life in Austrlai in 2007. But although she says life in Australia is better than a refugee camp on the Thai-Burmese border, Eh Payu Say still worries that Western culture will influence her children, and she says she deeply misses the friends and family she left behind.

“We spent more than 20 years in poverty at refugee camps," she said, turning her teary eyes away as she spoke. "But now we are all separated and living in different places around the world. I don't know if I'll ever see my friends and family again."

Eh Payu Say arrived in Melbourne, South Australia, in May 2007 along with her husband, two children (a boy and a girl), and her youngest brother. In September 2009, Eh Payu Say’s mother and another younger sister joined them in Melbourne.

Eh Payu Say said that when she first arrived, she studied at the Adult Migrant English Program and is still the only member of her family who speaks the language.

Everything is new for her family, especially the culture; it's still very starnge to them, she said.

The language barrier is the first and foremost problem: no one in her family can find a job with a decent income. They receive support from Centrelink, the state-run social security agency in Australia. Altogether, the family receives about AUS $2,250 (US $2,075) per month. From that, they must pay their rent, utility bills, food, transport and phone bills. Eh Payu Say's brother gets AUS $950 ($875), which he shares with the family.

Eh Payu Say works part-time as a waitress in Melbourne. She works at least 15 hours a week and she earns AUS $20.95 ($19.30) an hour. Still, she feels uncomfortable, she said, because often she cannot understand what costumers and workmates say.

Centrelink stopped supporting her when she started working and reduced her husband's allowance as well. "We have to work as much as we can to build our new lives here. We can’t depend on Centrelink alone,” she said.

Nevertheless, she recalled when she first started working as a schoolteacher at the refugee camp and she was paid just 50 Thai baht ($1.50) per month.

“It is hard to manage on the money here, but it is better than in a refugee camp,” she said. "At least we can afford to buy our children snacks now."

Eh Payu Say said that she is glad she took resettlement in Australia for the sake of her children. She said that she has never been recognized as a citizen in any country, including Burma. “How can people be recognized as human beings without citizenship?” she asked. "Sometimes, when people ask me what my nationality is, I don’t know how to reply.”

Australia is a good country for children and it is safe, she said. People are free, it is democratic and we don't have to worry about the *Tatmadaw*, the Burmese government forces, attacking us any more.

Eh Payu Say recalled her childhood and the numerous times she, her family and fellow villagers had to flee into the jungle to escape the Tatamdaw. Constantly on the run, they never had permanant homes, schools or hospitals, she said.

She said she remembered how, as a child, she used to sit by candlelight every night waiting for the sound of gunfire. She said that after her family had crossed into Thailand to the refugee camp, she had to wait in line every night to collect water.

She recalled how she had to queue up at the well until midnight or sometimes to 2 or 3 a.m. to fill a gallon jug with water. "There were so many refugees. The queue looked like a long train," she said with a laugh.

Eh Payu Say's family originally lived in Huay Kaloke refugee camp near Mae Sot, a border town in Thailand's Tak Providence. After the camp was burned down in 1998 by a joint force of the *Tatmadaw* and its allies, the Democratic Karen Buddhist Army, the refugees were moved to Umpiem Mai refugee camp.

Eh Payu Say remembers well that refugees were not permitted to go outside the camps, which were controled by the Thai army. Homes were built from bamboos and roofs were made from dried leaves and scrap plastic. There was no electricity and the camps were fenced with barbed wire.

Decades of civil war have left some 140,000 refugees—mostly Karen, Karenni and Mon—in camps, and more than 450,000 Internally Displaced Persons in eastern Burma.

Since 2005, some 46,000 Karen and other ethnic refugees have been resettled by the UN's refugee agency, the UNHCR, in Western countries, although less than 4,000 have been taken in by Australia.

According to a Nine News report on Oct. 19, the Australian government spent an estimated AUS $628 million ($580 million) in two years supporting a total of 52,469 refugee visa holders from various parts of the globe.

"Refugee Council of Australia chief executive Paul Power said there were difficulties for refugees finding work in Australia, at least in the short term, resulting in many needing assistance to survive," the report said.

Eh Payu Say said she knows life will be tough in Australia, but she and her family are determined to succeed. She wants her family to get Australian citizenship so they will be free to travel and work without fear. One day, she said, she would love to return to her Karen homeland.

http://irrawaddy.org/article.php?art_id=17276

**************************************************************

## Swiss Film to Show Life in Refugee Camp
**By KO HTWE Tuesday, November 24, 2009**

A Swiss film  director, Stephan Haupt, has completed filming in Thailand on a movie depicting life in a refugee camp along the Thailand-Burma border.

The script revolves around refugees and a Swiss doctor who arrives at a camp with his wife while on a vacation trip.

The budget for the film, which has a working title of "*How About Love?*," is US $2 million. Swiss actor Adrian Furrer plays the doctor. The cast includes Burmese actors and refugees who are familiar with life along the border.

Filming was recently completed in Chiang Mai and the surrounding area. Permission could not be obtained to film inside a refugee camp. Final shooting will be completed in Switzerland.

Haupt, a native of Zurich, attended the Theater Academy of Zurich from 1985-1988 and has been an independent film and theater director since 1989. He won a 2002 Swiss film prize for "*Utopia Blues*." Since 2008, he been president of the Swiss Filmmakers Association.

"When I was 20 years old my parents brought two Cambodian refugees in Switzerland to our apartment," Haupt said. "They had lived in a refugee camp and seen terrible things.

Sometime at night I could hear them crying, yelling and shouting in dreams. They told me things they had seen and what happened to them. It started me thinking about the unbelievably strange world we live in.

Thein Win of Chiang Mai, who played a refugee camp leader, told *The Irrawaddy*: "I'm glad I could participate in this film. The direct wanted to show the effects of oppression. I think we can bring some attention to the subject."

He said the film will draw attention to the issue of land mines and their effect on innocent civilians and children.

In 2008, US actor Sylvester Stallone made a big-budget film, part of his Rambo series, which showed the plight of ethnic groups in Burma.

An estimated 140,000 refugees, mostly from eastern Burma, live in nine refugee camps along Thailand's western border, according to the Thailand Burma Border Consortium.

*An interview with director Stephen Haupt can be found on The Irrawaddy Web site in the coming days.*

http://irrawaddy.org/article.php?art_id=17277

************************************************************

# ရွှေ့ပြောင်းအလုပ်သမားများသတင်း

************************************************************

## မြန်မာ အလုပ်သမားများ အတွက် တရားဝင် စာသင်ကျောင်းများ ဖွင့်ခွင့်ပြုမည်

Tuesday, 24 November 2009 18:51 သန်းထိုက်ဦး

ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်း အလုပ်သမားများ ပညာသင်ကြားရန် ပုဂ္ဂလိက စာသင်ကျောင်းများကို အာဏာပိုင်များက တရားဝင် ဖွင့်ခွင့်ပေးမည် ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ စာသင်ကျောင်းများသည် ထိုင်း ပညာရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်၍ဖွင့်လှစ်ရန် လွန်ခဲ့သည့်အပတ်က ပြုလုပ်သည့် အစိုးရဝန်ကြီးများအစည်းအဝေးမှ အတည်ပြု ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ထိုင်း အာဏာပိုင်များ၏ ယခုအစီအစဉ်အသစ်ကို အလုပ်သမားအရေး ကူညီဆောင်ရွက် ပေးနေသူများက ကြိုဆိုလိုက်သော် လည်း ကျောင်းဆရာ၊ ဆရာမများအတွက် အခက်အခဲရှိသည်ဟု ထိုင်းနိုင်ငံ တောင်ပိုင်း ဖန်ငရိုင် အခြေစိုက် အခြေခံ လူ့အခွင့်အရေး ပညာပေးရေးကော်မတီ (GHRE) မှ ဒါရိုက်တာ ဦးထူးချစ်က ဧရာဝတီသို့ပြောသည်။

"တရားဝင် ဖွင့်ခွင့်ရတာကတော့ ကောင်းတဲ့ လက္ခဏာဆောင်တယ်၊ ဒါပေမယ့် ကိုယ်တွေအတွက် နည်းနည်း အခက်အခဲရှိ တာက ဆရာ၊ ဆရာမတွေကို ရွေးတဲ့အခါမှာ အခက်အခဲရှိနိုင်တယ်လို့ထင်တယ်၊ ကိုယ်တွေကတော့ အဲဒါကိုပြန်ပြီးတော့ ထိုင်း ဥပဒေနဲ့ ကိုက်ညီအောင် ပြင်ဆင်ထားပြီးတော့ ဆရာ၊ ဆရာမတွေကိုခန့်ဖို့ရှိတယ်"ဟု ကိုထူးချစ်က ပြောဆိုသည်။

GHRE အဖွဲ့သည် ထိုင်းနိုင်ငံရှိ  မြန်မာရွှေ့ပြောင်းအလုပ်သမားများ အတွက် ပညာရေး၊ လူ့အခွင့်ရေးနှင့် လုံခြုံ စိတ်ချစွာ အလုပ်လုပ်ကိုင်ရသည့် အခြေအနေများ ဖွံ့ဖြိုးမြင့်မားရေးအတွက် လုပ်ကိုင်နေသော အဖွဲ့ဖြစ်သည်။

ကျောင်းတရားဝင် ဖွင့်လှစ်ရေးအတွက် ကျောင်းအဆောက်အဦးအား သီးသန့်ဆောက်ရေး၊ ထိုင်းအစိုးရက ပြဌာန်းထားသည့် သင်ရိုးညွှန်တမ်းအရ သင်ကြာရေး၊ ပညာအရည်အချင်း ရှိသော ကျောင်းဆရာ၊ ဆရာမများဖြစ်ရေး စသည့်အချက်များ ပါဝင်နေခြင်း ကြောင့် အခက်အခဲရှိကြောင်း သိရှိရသည်။

ထိုင်း -မြန်မာ နယ်စပ် မဲဆောက်မြို့ အခြေစိုက် Kwe Ka Baung စာသင်ကျောင်းမှ ဒါရိုက်တာ မန်းဗလစိန်ကလည်း ထိုင်းအစိုးရက ချမှတ်သည့် မူအရ ကျောင်းတည်ဆောက်ရန်အတွက် အခက်အခဲရှိသည်ဟု ဆိုသည်။

"ကျောင်းဟာ ကျောင်းနဲ့တူရမယ် ဆိုတဲ့အချက်က မြေကလည်း ဈေးကြီးတယ်၊ အခုပဲ မြေကြီးသွားကြည့်ပြီးတော့ ပြန်လာတယ်၊  မြေက တဧကကို ဘတ်ငွေ ၁၈ သိန်း ပေါက်ဈေးရှိတယ်"ဟု ၎င်းက ပြောဆိုသည်။

မြန်မာနိုင်ငံ ကရင်ပြည်နယ် မြဝတီမြို့နှင့် ကပ်လျက်တည်ရှိသော မဲဆောက်၊ မယ်လမ၊ ဖုတ်ဖရ စသည့် ထိုင်းနိုင်ငံ အတွင်းရှိမြို့ ၃ မြို့တွင်မြန်မာ ပြည်သား အလုပ်သမားများ၏ သားသမီးများ အတွက် ဖွင့်ထားသော စာသင်ကျောင်း အများအပြား ရှိကြောင်းသိရသည်။

"ဒီမဲဆောက်ဒေသမှာတင် ကျောင်းပေါင်း ၅၀ မှာ တက်နေတဲ့ ကျောင်းသားပေါင်းက ၁၂,၀၀၀ လောက်ရှိတယ်"ဟု မန်းဗလစိန်က ပြောသည်။

မြန်မာ ရွှေ့ပြောင်းနေထိုင်သူများအတွက် ပညာရေးဌာန(BMWEC)၏ စာရင်းများအရ ကျောင်းပေါင်း ၆၂ ကျောင်းရှိသည် ဟု ဆိုသည်။ BMWEC နှင့် တရားဝင် အဆက်အသွယ် မပြုရသေးသည့် ကျောင်းတချို့လည်း ရှိသည်ဟု သိရသည်။

ချင်းမိုင်အခြေစိုက် Migrant Learning Center မှ ဒါရိုက်တာ ဒေါက်တာ သိန်းလွင်ကမူ ထိုင်းအစိုးရ၏ ယခုအစီအစဉ် ကို ကြိုဆိုလိုက်သည်။

"ထိုင်းနိုင်ငံမှာ ရောက်နေတဲ့ မြန်မာနိုင်ငံက ကလေးတွေအတွက် တရားဝင် ခွင့်ပြုမယ်ဆိုတာ ဒါ ကောင်းတယ်၊ ဘာကြောင့် လဲဆိုတော့ ကလေးတွေက ထိုင်းကျောင်းလည်း မတက်နိုင်ကြဘူး၊ ဘာသာစကားမှာ အခက်အခဲရှိတယ်၊ မိဘတွေ ကိုယ်တိုင်က ထိုင်း ကျောင်းကို မသွားရဲဘူး၊ မိဘတချို့က လက်မှတ်မရှိလို့ လမ်းမှာ ရဲဖမ်းမှာစိုးလို့ စာသင် ကျောင်းတွေကို မသွားရဲဘူး အဲဒီအခက်အခဲ တွေရှိတယ်၊ ဒါကောင်းတဲ့အချက်ဖြစ်တယ်"ဟု ဒေါက်တာ သိန်းလွင်ကဆိုသည်။

ထိုင်းနိုင်ငံတွင် ရွှေ့ပြောင်း အလုပ်သမားများ၏ ကလေးငယ် စုစုပေါင်း ၁ သန်းကျော် ရှိသည့်အနက် သုံးပုံ နှစ်ပုံမှာ မြန်မာ ကလေးငယ်များဖြစ်ကြောင်း သိရသည်။

http://www.irrawaddy.org/bur/index.php?option=com_content&view=article&id=2185:2009-11-24-11-52-27&catid=1:news&Itemid=2

*******************************************************************

## မြန်မာလူမျိုးများနှင့်ရင်းနှီးကျွမ်းဝင်မှုမရှိသောနိုင်ငံများ မှ အလုပ် ခေါ်စာများ ရှိလာပါက သတိပြုသင့်

မြန်မာ လူမျိုးများနှင့် ရင်းနှီး ကျွမ်းဝင်မှု မရှိသော နိုင်ငံများမှ အလုပ် ခေါ်စာများ ရှိလာပါက သတိ ပြုသင့်သည်ဟု အလုပ်သမား ရေးရာ ကျွမ်းကျင် သူများနှင့် ကိုယ့်တွေ့ ကြုံ ခဲ့ ရသူများ၏ ပြန်လည် ပြောပြချက် များအရ သိရှိ ရပါသည်။ ပါပူအာနယူးဂီနီ၊ အစ္စရေး အပြင် ဥရောပ နိုင်ငံများ ထဲမှနိုင်ငံ အချို့မှ အလုပ်ခေါ်စာ များရှိခဲ့ရာ ယင်းနိုင်ငံ များသို့ လအနည်းငယ် ကြာသွား ရောက်ရမည်ဟု ဆိုကာ အင်တာဗျူး များအား ဖုန်း ဖြင့်ပြုလုပ်၍ အလုပ်သမား ခေါ်ယူ ခြင်းများ ရှိခဲ့သည်ဟု သိရှိရသည်။ လွန်ခဲ့သော နှစ်နှစ်ခန့် က ပါပူအာ နယူးဂီနီမှ လူနည်းစုသာ လျောက်ထား နိုင်သော အလုပ်သမား ခေါ်စာများ ရောက်ရှိလာခဲ့ပြီး လအနည်းငယ် ကြာမြင့်လျင် ဩစတြေးလျနိုင်ငံသို့ သွားရောက်ရမည် ဆိုသော်လည်း ယင်းအစီအစဉ်မှာ လိမ်လည်ခြင်းများ ဖြစ်ခဲ့သည်ဟု ကိုယ်တွေ့ကြုံခဲ့ရသူ အသက် ၃၀နှစ်အရွယ် အမျိုးသား တစ်ဦးက ပြန်လည် ပြောပြခဲ့ပါသည်။

ထို့ပြင် အစ္စရေးနိုင်ငံမှ အလုပ်ခေါ်စာများ ရှိလာခဲ့ကာ ယင်းမှာ လူဦးရေ အကန့်အသတ်ဖြင့် ခေါ်ယူ ကြသည့်အပြင် အောက်ခြေ လူတန်းစား များသာ ခေါ်ယူခြင်း ဖြစ်ခြင်းကြောင့် မြန်မာအလုပ်သမားများ အနေဖြင့် သွားရောက်ရန် လွယ်ကူနိုင်မည် မဟုတ်ကြောင်း အလုပ်သမားရေးရာ ကျွမ်းကျင်သူတစ်ဦးက ထောက်ပြ ပြောဆိုခဲ့ပါသည်။

"အစ္စရေးက အလုပ်ခေါ်တယ် ဆိုတာ အရင်တုန်းကတော့ ရှိခဲ့ဖူး တယ်။ ဒါပေမယ့် လူဦးရေနည်းနည်း ပဲခေါ်တယ်။ ဖိလစ်ပိုင်တွေ အများဆုံးကို ခေါ်တာများတယ်။ ခေါ်တဲ့ အလုပ်တွေတိုင်းကလည်း Off-Job တွေများတယ်။ ပုံမှန် လာလေ့လာထ မရှိတဲ့နိုင်ငံတွေက ခေါ်တာမျိုးဆိုရင် လုံးဝ သတိပြုသင့်ပါတယ်"ဟု Alpha World Link သင်တန်းကျောင်းမှ ကိုကျော်မျိုးထွန်းက ပြောပြခဲ့ပါသည်။

အစ္စရေးနိုင်ငံသည် ယခင်နှစ်များက လာရောက်ခေါ်ယူခြင်းရှိခဲ့ သည့်ဖြစ်ရပ်နှင့် ပတ်သက်၍ သွားရောက်ခါနီးဆဲဆဲ၌ ဖျက်သိမ်းခံရသည့် ဖြစ်ရပ်မျိုးနှင့် ကြုံတွေ့ခဲ့ရသည်ဟု အစ္စရေးနိုင်ငံသို့ သွားရောက်ရန် ကြိုးစားခဲ့ဖူးသူ မြန်မာလူငယ်တစ်ဦးက ပြန်လည်ပြောပြခဲ့ပါသည်။

"အဲဒီနိုင်ငံမှာ စိုက်ပျိုးရေးနဲ့ ပတ်သက်တာ၊ လူအိုရုံတွေမှာ သူတို့ နိုင်ငံသားတွေ မလုပ်ချင်တဲ့အလုပ်တွေ လုပ်ရတာ၊ စိုက်ပျိုးရေး လုပ်ငန်းတွေ မှာလုပ်ရတာမျိုးတွေ လာခေါ်ကြတယ်။ ယဉ်ကျေးမှု မတူညီတာတွေ ရှိပေမယ့်လည်း အဲဒီအချိန်တုန်းက အရမ်းကို သွားချင်နေခဲ့တယ်။ ပြီးတော့ ငွေကုန်ပြီး မသွားဖြစ်ခဲ့ပါဘူး"ဟု ကိုယ်တွေ့ ကြုံခဲ့ဖူးသူ တစ်ဦးက ပြောပြခဲ့ပါသည်။

နိုင်ငံရပ်ခြားမှ အလုပ်ခေါ်ယူ ခြင်းများသည် လွန်ခဲ့သောနှစ်ပေါင်း ၁၅ နှစ်တာကာလကပင် စတင်ခဲ့ရာ ထိုအချိန်က ကူဝိတ်နိုင်ငံမှ မည်သည့် အေဂျင်စီနှုန်းထားခများ ကောက်ခံခြင်းမရှိဘဲ လာရောက် ခေါ်ယူခြင်း ရှိခဲ့သည်ဟု မြန်မာလူမျိုးများနှင့် ကျွမ်းဝင်ခြင်းမရှိသော နိုင်ငံအဖြစ် ပထမဦးဆုံး စတင်ခေါ်ယူခဲ့ဖူးသော ဖြစ်ရပ်များရှိကြောင်း စုံစမ်းသိရှိရသည်။

ယခုနှစ်ပိုင်းတွင် မြန်မာလူမျိုး များနှင့် ရင်းနှီးကျွမ်းဝင်မှု မရှိသော နိုင်ငံများအဖြစ် နယူးဇီလန်၊ ပိုလန် နှင့် အခြားသော အရှေ့အလယ်ပိုင်း နိုင်ငံအချို့ရှိခဲ့ရာ ဥရောပနိုင်ငံအချို့မှ လာရောက်ခေါ်ယူသည့် အလုပ်ခေါ်စာများ အနေဖြင့် အေဂျင်စီများက မည် သည့် အာမခံချက်မျိုး ပေးခြင်းဖြင့် ခေါ်ယူသွားမည်ကို သေချာစွာ စုံစမ်းမေးမြန်းပြီးမှ သွားရောက်သင့်သည်ဟု နိုင်ငံတကာ အလုပ်အကိုင်ရေးရာ အတွေ့အကြုံရှိသူ အချို့က ပြောပြခဲ့ပါသည်။

http://www.hanthawaddy.org/2009/11/blog-post_7284.html

**********************************************************************

# ဒုက္ခသည်များသတင်း

**********************************************************************

## မယ်လဒုက္ခသည်စခန်းသို့ အလှူရှင်များ သွားရောက်လေ့လာ

**ရဲရင့် / ၂၄ နိုဝင်ဘာ ၂၀၀၉**

ထိုင်းနယ်စပ်ရှိ မြန်မာဒုက္ခသည်စခန်းတွင် ၎င်းတို့လှူဒါန်းထားမှုအနေအထားများ သိနိုင်ရန် ဥရောပသမဂ္ဂအဖွဲ့ဝင် (၁၄) နိုင်ငံမှ သံတမန်များ မယ်လဒုက္ခသည်စခန်းသို့ ယမန်နေ့၌ သွားရောက်လေ့လာခဲ့ကြသည်။

မယ်လဒုက္ခသည်စခန်းဒု-ဥက္ကဋ္ဌ စောထွန်းထွန်းက “သူတို့လာတာက သူတို့လှူထားတာတွေကို ဘယ်လိုမျိုး စီမံခန့်ခွဲသလဲ ဆိုတာကို လာလေ့လာတာဖြစ်တယ်။ ဒီကအနေအထားကို ကြည့်ပြီး လာမယ့် ၂၀၁၀ အတွက် ဘတ်ဂျက်ဆွဲဖို့ဖြစ်တယ်လို့ သိရတယ်” ဟု ပြောသည်။

ဥရောပသမဂ္ဂ၏ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားဆိုင်ရာသံအမတ် မစ္စတာဒေးဗစ်လစ်မင်း ဦးဆောင်သည့်

အဖွဲ့ဝင် (၂၇) ဦးပါ သံတမန်များအဖွဲ့သည် မယ်လစခန်း၏ စီမံခန့်ခွဲမှုဌာနကြီး (၅) ခုဖြစ်သည့် ကျန်းမာရေးဌာန၊ ရေပေးဝေရေးနှင့် သန့်ရှင်းရေးဌာန၊ ပညာရေးဌာန၊ ဥပဒေအကြံပေးဌာန၊ ရိက္ခာထုတ်ပေးရေးဌာနတို့ကို စစ်ဆေးခဲ့ကြသည်။

အလှူရှင်နိုင်ငံတို့မှ ယခုကဲ့သို့ ကွင်းဆင်းလာရောက်ခြင်းသည် ဒုက္ခသည်စခန်းများတွင် အဂတိလိုက်စားမှုများ တိုးပွားလာခြင်းနှင့် ဆက်စပ်မှုရှိကြောင်း ဒုက္ခသည်အရေး ဆောင်ရွက်နေသည့် အစိုးရမဟုတ်သောအဖွဲ့တခုမှ ဌာနေဝန်ထမ်းတဦးက ပြောသည်။

၂၀၀၆ ခုနှစ်မှစ၍ ဒုက္ခသည်စခန်းတို့မှ ဒုက္ခသည်များကို တတိယနိုင်ငံများသို့ ပြောင်းရွှေ့အခြေချခွင့်ပြုရာ ဒုက္ခသည် အစစ်အမှန်မဟုတ်ဘဲ မသမာသည့်နည်းဖြင့် ရောက်ရှိသွားသူများအနက် (၉၅) ရာခိုင်နှုန်းမှာ မယ်လစခန်းမှ အများစုပါဝင်သည်ဟု ယူအန်အိပ်ချ်စီအာက ပြောကြောင်း အဆိုပါဝန်ထမ်းက ပြောသည်။

ယင်းဖြစ်ရပ်များကြောင့် မယ်လစခန်းမှ ဒုက္ခသည်များ အမေရိကန်နိုင်ငံသို့ သွားရောက်အခြေချခွင့်ကို ယခင်လမှစကာ ရပ်နားထားပြီး ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (ယူအန်အိပ်ချ်စီအာ) က စခန်းအတွင်း စစ်ဆေးလျက်ရှိသည်။

မယ်လစခန်းတွင် တရားဝင်ဒုက္ခသည် (၃၁,၀၀၀) ခန့်နှင့် တရားမဝင် (၂၅,၀၀၀) ခန့်နေထိုင်လျက်ရှိပြီး အဆိုပါလူသစ်များအတွက် အခြေခံစားကုန်များကို ထိုင်း-မြန်မာနယ်စပ်တလျှောက် ကူညီစောင့်ရှောက်ရေးညွန့်ပေါင်းအသင်း (တီဘီဘီစီ) အဖွဲ့က ထောက်ပံ့ပေးထားသည်။

တီဘီဘီစီအဖွဲ့သည် ထိုင်း-မြန်မာနယ်စပ်တလျှောက်ရှိ မြန်မာဒုက္ခသည်စခန်း (၉) ခုမှ ဒုက္ခသည် (၁၃၀,၀၀၀) အတွက် စားနပ်ရိက္ခာများကိုလည်း ထောက်ပံ့ပေးလျက်ရှိပြီး ယင်းအဖွဲ့အတွက် အဓိကရန်ပုံငွေ ထည့်ဝင်သည့်အလှူရှင်များမှာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများဖြစ်သည်။

http://khitpyaing.org/news/Nov09/241109b.php

*****************************************************************

## အီးယူကော်မရှင်အဖွဲ့ နယ်စပ်ဒုက္ခသည် အခြေအနေ လာရောက်ကြည့်ရှု

**နိုဝင်ဘာ ၂၄ရက်။ နန်းထူးစံ (ကေအိုင်စီ)**

အီးယူကော်မရှင်အဖွဲ့တဖွဲ့သည် နိုဝင်ဘာလ ၂၃ရက်နေ့တွင် ထိုင်း-မြန်မာနယ်စပ်ရှိ အကြီးဆုံးဒုက္ခသည်စခန်း တခုဖြစ်သည့် မယ်လစခန်းသို့ လာရောက်၍ ဒုက္ခသည်များ၏ အခြေအနေများကို ကြည့်ရှုလေ့လာခဲ့သည်ဟု စခန်းကော်မတီဝင်များ ၏ ပြောပြချက်အရ သိရသည်။

ဥရောပနိုင်ငံများဖြစ်သည့် ဗြိတိန်၊ ဂျာမဏီ၊ ဘယ်လ်ဂျီယမ်၊ နယ်သာလန်၊ ဒိန်းမတ်၊ ဆွီဒင်စသည့် နိုင်ငံပေါင်း (၁၈)နိုင်ငံမှ ကိုယ်စားလှယ်များ ပါဝင်သည့် အဖွဲ့ဝင် ၃၀ဦးသည် ဒုက္ခသည်များ၏ ကျန်းမာရေး၊ ပညာရေး၊ သောက်သုံးရေရရှိရေး၊ နေထိုင် ရေး၊ စားသောက်ရေးအခြေအနေများကို လေ့လာရန် လာရောက်ခဲ့ခြင်းဖြစ်သည်ဟု မယ်လစခန်း ဥက္ကဋ္ဌ စောသာကဲက ပြော သည်။

သူက "အခုလာတဲ့ အီးယူကော်မရှင်အဖွဲ့က ပထမ အမ်အိုအိုင်နဲ့တွေ့တယ်။ နောက်ပြီး ကျနော်တို့ စခန်းကော်မတီနဲ့ နေ့လည် စာစားတယ်။ ပြီးတော့ အဖွဲ့သုံးဖွဲ့ခွဲပြီး ရေပေးဝေတဲ့ (Solidarities) အဖွဲ့၊

အေအမ်အိုင်ဆေးရုံနဲ့ စာသင်ကျောင်းတွေကို သွား ရောက်ကြည့်ရှုခဲ့ကြတယ်”ဟု ကေအိုင်စီကို ပြောဆိုသည်။

အဆိုပါ အီးယူကော်မရှင်အဖွဲ့သည် ထိုင်း-မြန်မာနယ်စပ်တွင် ဒုက္ခသည်များအား စားနပ်ရိက္ခာနှင့် လူသုံးကုန်ပစ္စည်းများကို ကူ ညီပေးနေသည့် တီဘီဘီစီအဖွဲ့၊ စခန်းဆိုင်ရာ အခြားအဲန်ဂျီအိုများနှင့် တွေ့ဆုံ၍ လက်ရှိထောက်ပံ့မှုအခြေအနေနှင့် ရှေ့ဆက် ကူညီပေးသွားမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။

မယ်လစခန်းရှိ အေအမ်အိုင်ဆေးရုံအုပ် ဆရာစောနေစဲန်က “သူတို့အဖွဲ့တွေက ကေဒဗလျူအိုရုံး အပါအဝင် နေရာအတော် များများကို သွားခဲ့တယ်။ နောက်ဆုံးမှ သုံးဖွဲ့စလုံး ကျနော်တို့ဆေးရုံကို ရောက်လာတယ်။ ဘာမှတော့ ထူးထူးခြားခြား ဆွေး နွေးတာတော့ မရှိပါဘူး။ လူနာတွေ အခြေအနေကို နည်းနည်းပါးပါး မေးမြန်းပြီး ဆေးရုံအဆောက်အဦးတွေကို လိုက်ကြည့် တာပါပဲ”ဟု ဆိုသည်။

ထိုင်း-မြန်မာနယ်စပ်ရှိ ဒုက္ခသည်များကို တတိယနိုင်ငံများသို့ နေရာချထားရေးအစီအစဉ်တွင် အမေရိကန်၊ ဩစတြေးလျား နိုင်ငံပြီးလျှင် ဥရောပနိုင်ငံများသည် ဒုက္ခသည်ခေါ်ယူရာတွင် တတိယအများဆုံးနိုင်ငံများဖြစ်သည်။

အီးယူကော်မရှင်အဖွဲ့သည် ယနေ့တွင် မဲဆောက်မြို့ရှိ ယူအဲန်အိတ်ချ်စီအာရ်၊ ZOA၊ OP၏၊ IOMနှင့် ထိုင်းကျေးရွာများသို့ သွား ရောက်လည်ပတ်ခဲ့ကြကြောင်း ၎င်းတို့၏ ခရီးသွားလာရေး အစီအစဉ်အရ သိရသည်။ အဆိုပါအဖွဲ့သည် ၂၀၀၀ခုနှစ်ကတည်း က မယ်လဒုက္ခသည်စခန်းသို့ ယခုလို နှစ်စဉ် လာရောက်လေ့ရှိသည်ဟု မယ်လစခန်းဥက္ကဋ္ဌက ပြောသည်။

မယ်လဒုက္ခသည်စခန်းသည် ၂၀၀၆ခုနှစ်မှစ၍ ယခုအချိန်ထိ တတိယနိုင်ငံများသို့ သွားရောက်အခြေချသည့် ဒုက္ခသည်ပေါင်း (၁၉,၀၀၀)ဦးရှိပြီး လက်ရှိအချိန်တွင် ဒုက္ခသည် လူသစ်လူဟောင်း စုစုပေါင်း ၅၀,၀၀၀နီးပါးရှိသည်ဟု သိရသည်။

ထိုင်း-မြန်မာနယ်စပ်တွင် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ အသိအမှတ်ပြုထားပြီး တီဘီဘီစီမှ ကူညီ ထောက်ပံ့ပေးနေသည့် ကရင်ဒုက္ခသည်စခန်း ၇ခုနှင့် ကရင်နီဒုက္ခသည်စခန်း ၂ခုရှိသည်။

http://www.kicnews.org/?p=1321

*****************************************************************

## တိုက်ပွဲများ ခေတ္တရပ်ထားသော်လည်း အိုင်ဒီပီဘဝ မလုံခြုံသေး

**ကို(၂)/ နိုဝင်ဘာ ၂၄၊ ၂၀၀၉**

ကရင်နီပြည် ဖာဆောင်းမြို့နယ် မော်ချီးဒေသဘက်တွင် မြန်မာစစ်အစိုးရနှင့် ကရင်နီတပ်မတော်အကြား ယခုအချိန်၌ ပစ်ခတ်မှုများ ခေတ္တရပ်ဆိုင်းသွားသော်လည်း ဒေသခံရွာသားများမှာမူ ထောင်ထားခဲ့သော မြေမြှုပ်မိုင်းများကြောင့် အသက်အန္တရာယ်အတွက် စိုးရိမ် နေရပြန်သည်။

အမှတ်၂ ခရိုင် မော်ချီးဒေသဘက်ရှိ ရွာသားများသည် တိုက်ပွဲများကြောင့် နေ့စဉ်ရွာမှ ထွက်ပြေးပုန်းအောင်း နေကြရသည့် ရွာပုံးရွာရှောင် အိုင်ဒီပီများ ဖြစ်သည်။ ယခုလက်ရှိ စပါးရိတ်သိမ်းချိန်တွင် တိုက်ပွဲများ ငြိမ်သက်သွားကြသော်လည်း မြေမြှုပ်မိုင်းအား ကြောက်နေ ရပြန်သည်ဟု ဒေသခံများက ဆိုသည်။

ဖာဆောင်းမြို့နယ် မော်ချီးခရိုင် ဒေသခံတဦးက “ဂေလိုကျေးရွာက ရွာသားတွေပေါ့။ သူတို့ကျေးရွာဟောင်းကို ပြန်မနေရဲကြတော့ဘူး။ ရွားနီးနားတဝိုက်မှာပဲ ရွာတည်ပြီး နေကြတော့တယ်။ သူတို့ရွာဟောင်းမှာက အရင်တုန်းက ကြယ်ဖြူတွေ အင်အားရှိတဲ့ အချိန်မှာ သူတို့ လုံခြုံရေးအတွက် ဆိုပြီး မိုင်းတွေ ထောင်ထားတာ နည်းတာ မဟုတ်ဘူးလေ” ဟု ပြောသည်။

မော်ချီးဒေသတွင် စစ်တပ်မှ တပ်ချိန်းသောအခါ တစ်ဖွဲ့နှင့်တစ်ဖွဲ့ မိုင်းထောင်ထားသည့် နေရာကို အကုန်မပြနိုင်တာကတကြောင်း၊ ပြနိုင်ခဲ့သော်လည်း လိုက်လံ ထိန်းသိမ်းခြင်း မပြုနိုင်တာကတကြောင်း စသည်ဖြင့် စွန့်လွှတ်မိုင်း အမြောက်အများ ရှိနေခြင်း ဖြစ်သည်ဟု ကရင်နီတပ်မတော် ရှေ့တန်းစခန်းသို့ ပြီးခဲ့သည့် ဩဂုတ်လ (၉) ရက်နေ့တွင် ရောက်ရှိလာခဲ့သည့် စစ်အစိုးရတပ်သားများ၏ ပြောပြ ချက်အရ သိရသည်။

ကရင်နီဒေသအတွင်း စစ်ဖြစ်ပွားရာဇုံများတွင် မြေမြုပ်မိုင်း ၁ သောင်း ပတ်ဝန်းကျင်လောက် ရှိမည်ဟု ကရင်နီအမျိုးသားတိုးတက်ရေး ပါတီ ဥက္ကဋ္ဌ ခူထဲဘူးဖဲက ခန့်မှန်းသည်။

လွန်ခဲ့သည့် ၂၀၀၂-၀၃ ခုနှစ်အတွင်း အပစ်ရပ်ကြယ်ဖြူနှင့် စစ်အစိုးရတပ်တို့ လှုပ်ရှားမှုကြောင့် ရွာသားများ မိမိကျေးရွာတွင် မနေထိုင်ရဲ ကြတော့ဘဲ ပုန်းအောင်းနေကြရသည်။

ရွာသားများမှာ နှစ်တိုင်းလိုလိုပင် ၎င်းကျေးရွာအနီးတဝိုက် မြေမြုပ်မိုင်းများ မကြာခဏ တွေ့ရှိကြသည်။

ကရင်၊ ကရင်နီ၊ ရှမ်းပြည်တောင်ပိုင်း၊ မွန်၊ ပဲခူးနှင့် တနင်္သာရီးတိုင်း စသည့်ဒေသသည် မြေမြုပ်မိုင်းကြောင့် `အသက်အန္တာရာယ် ခြိမ်းခြောက်မှုနှင့် သေကျေပျက်စီးမှုများ´ ရှိသည့် ပြည်နယ်များ ဖြစ်သည်ဟု မြေမြုပ်မိုင်း အသုံးပြုမှု ပိတ်ပင်ရေးလှုပ်ရှားမှု အဖွဲ့ (ICBL)၏ ဩဂုတ်လ (၇) ရက်နေ့ အစီရင်ခံစာတွင် ဖော်ပြထားသည်။

http://www.ktimes.org/thatin/1-latest-news/521-2009-11-24-10-17-40.html

************************************************************

## မလေးရှားနိုင်ငံ ဒုက္ခသည်ကလေးများ ပန်းချီပြိုင်ပွဲတွင် ဖိုမီးကျောင်းသားငယ်က ပထမဆုရရှိ

http://burmatoday.net/news2005/2009/200911/091124_bty_bur_malaysia.swf

************************************************************